**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
**Yangon Protestant Reformed Church**
**တနင်္ဂနွေစာစောင်၊ နံပတ် (၉၈)**

**နေ့စွဲ – ၁၁. ၃. ၂၀၁၂**

## အသင်းအုပ်ချုပ်ခြင်းပုံစံအကြောင်း(Church Government)

သခင်ယေရှုခရစ်တော်၏အသင်းတော်ကို မကြာခဏကွဲပြားစေသောအကြောင်းအရင်းများထဲတွင် အသင်းတော်အုပ်ချုပ်ရေးပုံစံသည် တခုဖြစ်ပါသည်။ အထူးသဖြင့် လွတ်လပ်ခြင်း (သို့) တသီးတခြားဖြစ်ခြင်းဝါဒ(independency)နှင့် အသင်းတော်ခွဲဖြစ်ရမည့်ဝါဒ(denominationalism)တို့အကြား မေးခွန်းများဖြစ်သည်။ ထို့ကြောင့် စိုးရိမ်နေလျှက်နှင့် ဤခေါင်းစဉ်ကို လေ့လာကြပါမည်။

လွတ်လပ်ခြင်း (သို့) တသီးတခြားဖြစ်ခြင်းဝါဒသည် မှားယွင်းယုံမျှမကပါ၊ အသင်းတော်၏ဖြစ်တည်နေမှုနှင့်ပတ်သက်၍ သေစေသောဝါဒဖြစ်ပါသည်။ နေရာအတော်များများရှိအသင်းတော်များ ကျဆင်းနေရခြင်း၏အဓိကအကြောင်းအရင်းသည် ထိုဝါဒကြောင့်ဖြစ်သည်ကို တွေ့နေရပါသည်။

လွတ်လပ်ခြင်း (သို့) တသီးတခြားဖြစ်ခြင်းဝါဒက ပြဿနာတက်သောအခါ အသင်းတော်၏အမှုတော်ဆောင်များနှင့်အသင်းသူ/သားများကို အားကိုးစရာမရှိခြင်း (သို့) အကူအညီမဲ့ခြင်းသို့ ပို့ဆောင်တတ်ပါသည်။ ထို့ကြောင့် ထိုဝါဒသည် သုတ္တံ ၂၄း၆ နှင့်အခြားသောကျမ်းပိုဒ်များကပြောသော ဘုရားသခင့်စကားကို လစ်လျူရှုသောဝါဒဖြစ်သည်။ ထိုဝါဒသည် တမန်(၁၅)ကပြောသောပုံစံကိုလည်း မလိုက်နာချင်ပါ။ ထိုဝါဒက အသင်းတော်၏ဒေသန္တရအသင်းတော်ထက်ပိုသော စုစည်းမှုမျိုးအားလုံးကို မထောက်ခံသော ဝါဒဖြစ်နေပါသည်။

မည်သို့ဖြစ်ပါစေ၊ တခြားအုပ်စုတွင်လည်း အမှားများကိုတွေ့ရပါသည်။ ထိုအုပ်စုတွင် မကြာခဏ အထက်အောက်အာဏာပြအုပ်စိုးခြင်းများကို တွေ့တွေ့နေရပါသည်။ ကော်မတီများ၊ ဗဟိုကော်မတီများ၊ ဘုတ်အဖွဲ့ဝင်များ စသဖြင့် အာဏာပြနေကြရာ၊ ဒေသန္တရအသင်းတော်နှင့်အသင်းသူ/သားများ ဘာမှဝင်ပြောနိုင်ခွင့်ကိုမရှိတော့ပါ၊ ကျမ်းစာနှင့်ညီသောအာမခံခြင်း ထိုအုပ်စုတွင်လည်း မရှိပြန်ပါ။

ထိုအုပ်စုတွင် ပရက်ဘီတေးရီးယန်းအသင်းတော်များ၊ ရီဖေါ့မ်အသင်းတော်များလည်း ပါဝင်တတ်ပါသည်။ ၎င်းတို့သည် ရိုမန်ကက်သလစ်တို့၏ အထက်အောက်ဆင့်ကဲအုပ်ချုပ်မှု၊ ပုတ်ရဟန်းမင်းဝါဒနှင့်အတော်ဆင်ပါသည်။ အထွေထွေညီလာခံများ၊ မျိုးစုံသောကော်မတီများဖြင့် အာဏာပြအုပ်ချုပ်တတ်ကြပါသည်။ အမှန်ဆိုလျှင် ခရစ်တော်သာလျှင် အသင်းတော်တွင် အာဏာပိုင်ဖြစ်ရပါမည်။ ထိုသို့သောဝါဒကိုလည်း ကျွန်တော်တို့ ရှုံ့မှုန်းကြပါသည်။

ကျမ်းစာက ထိုအုပ်စုနှစ်စု၏အမှားများကို ရှောင်နိုင်ရန် အဖြေပေးသည်ဟု ကျွန်တော်တို့ယုံကြည်ကြပါသည်။ ပထမအနေနှင့် ဒေသန္တရအသင်းတော်များသည် တဦးနှင့်တဦး ကူညီနိုင်ကြရန်၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြရန် စုစည်းကြပါဟု သခင်ခရစ်တော်က စေခိုင်းပါသည် (တမန်တော် ၁၅)။ “ဝိညာဉ်တော်၏ညီညွတ်ခြင်းကို ထိန်းသိမ်းကြပါ”ဟုပြောသည်ကို အကောင်အထည်ပေါ်ရန် မရှိမဖြစ် အရေးကြီးပါသည် (ဖေက် ၄း၃)။

ဒုတိယ၊ ဒေသန္တရအသင်းတော် မိမိကိုယ်ကို အုပ်ချုပ်ခြင်းကို စောင့်ထိန်းရပါမည်။ ဒေသန္တရအသင်းတော်ကသာ ဧဝံဂေလိတရားဟောရမည်၊ ပွဲတော်မင်္ဂလာများကျင့်သုံးရမည်၊ ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းကို လက်တွေ့လုပ်ဆောင်ရမည်၊ အထွေထွေညီလာခံများနှင့်ကော်မတီများက ၎င်းတို့ကို ဝင်မလုပ်ပေးရပါ (တမန် ၁၃း၁–၄၊ ၁ကော ၅း၄–၅)။ ထိုအရာများကိုလုပ်နိုင်ဖို့ ခရစ်တော်ပေးထားသော အာဏာသည် ဒေသန္တရအသင်းတော်၌သာတည်ရှိသည်။ ထို့ကြောင့် အသင်းတော်ဆိုသည်မှာ အထက်မှအောက် အရာရှိများ၊ ဂိုဏ်းအုပ်ဂိုဏ်းချုပ်များ၊ ဥက္ကဌများ၊ အတွင်းရေးမှူးများ၊ မစ်ရှင်ဒါရိုက်တာများဖြင့် အုပ်ချုပ်ရသည်မဟုတ်ပါ။ ထို့ကြောင့် ဆိုလိုသည်မှာ အထွေထွေညီလာခံများ (အဆဲမ်ဘလီများ)ကို သေသေချာချာ ကန့်သတ်ရမည်၊ ၎င်းတို့၏တာဝန်မည်သည်နည်းဆိုသည်ကို သေချာစွာကန့်သတ်ရမည်ဖြစ်သည်။ တမန်တော်(၁၅)တွင်ပြောပြသကဲ့သို့ ညီလာခံများသည် အကူအညီပေးယုံ၊ အကြံပေးယုံမျှသာဖြစ်ရပါမည်။ ထိုညီလာခံများက ကျမ်းစာနှင့်ညီသောအဆုံးအဖြတ်များကို ချမှတ်ကြသည့်အခါတွင် ၎င်းတို့ကို လိုက်နာရပါမည် (တမန် ၁၅း၂၃–၂၉)။ ထိုသို့လိုက်နာသည့်အခါ ညီလာခံများက ပို၍အဆင့်မြင့်၍မဟုတ်ပါ၊ ဒေသန္တရအသင်းတော်များက မိမိတို့ကိုယ်စားလှယ်များဖြင့်ပါဝင်လျှက် ဘုရားသခင့်စကားတော်နှင့်အညီ ပါဝင်ဆုံးဖြတ်ကြသောကြောင့်ဖြစ်ပါသည်။

တတိယ၊ ဒေသန္တရအသင်းတော်ထဲတွင် အမှုတော်ဆောင်ဌာနများကို ကျမ်းစာကပြောထားသည့်ပုံစံနှင့်အညီ တာဝန်ထမ်းဆောင်ရန် ထားရှိကြရမည်။ ထိုဌာနများရှိအမှုဆောင်များသည် ဒေသန္တရအသင်းတော်၏အသင်းသူ/သားများကို တာဝန်ခံကြရပါမည်။ ခရစ်တော်က သူတို့ထံပေးထားသည့် အားလုံးသောဩဇာအာဏာများဖြင့် ၎င်းတို့သည် အသင်းတော်ကို အာဏာရှင်များသဖွယ်မဆက်ဆံရပါ၊ အသင်းတော်၏အစေခံများကဲ့သို့ နေထိုင်ပြုမူကြရမည် (၂ကော ၄း၅၊ ကောလောသဲ ၄း၁၇)။

၎င်းအချက်အချက်တို့သည် သခင်ယေရှုခရစ်တော်၏အသင်းတော်တွင် လုပ်ကိုင်သမျှကို စနစ်တကျသင့်တင့်လျောက်ပတ်စွာလုပ်ကိုင်နိုင်ဖို့ လိုအပ်ချက်များဖြစ်ပါသည်။ ထိုကောင်းမြတ်သောစနစ်ကျမှုသည် အသင်းတော်လုံခြုံဖို့၊ ကျန်းမာဖို့ မရှိမဖြစ် လိုအပ်ပါသည်။

## စစ်မှန်သောအသင်းတော်အကြောင်း(The True Church)

သခင်ယေရှု၏စစ်မှန်သောအသင်းတော်ဆိုသည်မှာ အဘယ်နည်း? ၎င်းကို မည်သည့်နေရာတွင်တွေ့နိုင်မည်နည်း?ထိုမေးခွန်းသည် အဖြေရခက်သောမေးခွန်းဖြစ်သည်၊ သို့သော် အရေးကြီးလှပါသည်။ မျက်စိဖြင့်မြင်နိုင်သောအသင်းတော်၏ အသင်းသားတဦးဖြစ်ချင်သူအတွက် မဖြစ်မနေမေးရမည့်မေးခွန်းဖြစ်ပါသည်။

ထိုမေးခွန်းကို ပို၍ခက်ခဲစေသည့်အကြောင်းမှာ အချို့အသင်းတော်များသည် တချိန်က ခရစ်တော်၏အသင်းတော်ဖြစ်ခဲ့သော်လည်း မှားယွင်းသောအသင်းတော်အဖြစ်သို့ ကျဆင်းသွားတတ်သောသဘောရှိနေခြင်းဖြစ်ပါသည်။ သခင်ခရစ်တော်က ဧ ဖက်အသင်းတော်ကို ထိုသို့ဖြစ်နိုင်ခြေရှိကြောင်း ဗျာ ၂း၅ တွင် သတိပေးသည်ကိုတွေ့နိုင်ပါသည်။

သင်၏ဖယောင်းတိုင်ထွန်းစရာကို ရွှေ့ပစ်မည်ဟူသော ခရစ်တော်၏ချိန်းခြောက်မှုက ဧဖက်အသင်းတော်သည် မှားယွင်းသောအသင်းတော်ဖြစ်ဖို့နီးနေပြီဆိုသောအန္တရယ်ကို သိသာစေပါသည်။ ထိုဖယောင်းတိုင်ထွန်းစရာတိုင်များသည် စစ်မှန်သောအသင်းတော်ကို ပုံဆောင်သောအရာများဖြစ်သည်။ ဝိညာဉ်တော်ဟူသောဆီဖြင့် ထွန်းညှိထားခြင်းဖြစ်သည်(ဇာခရိ ၄း၁၊ ဟေဗြဲ ၁း၉)။ ထို့နောက် ဤကမ္ဘာကြီးတွင် အလင်းအဖြစ် တည်ရှိနေပါသည် (မဿဲ ၅း၁၄)။ ဧဖက်အသင်းတော်သည် ဝိညာဉ်တော်နှင့်၎င်း၏အလင်းနှစ်ခုလုံးကို ဆုံးရှုံးရမည့်အန္တရယ်သို့ ရောက်နေခြင်းဖြစ်သည်။ အသင်းတော်ကို သူ၏ဖယောင်းတိုင်ထွန်းစရာတိုင်အား ရွှေ့ပစ်မည်ဆိုခြင်းသည် ခရစ်တော်၏အသင်းတော်မဟုတ်တော့ပါဟုပြောခြင်းဖြစ်ပါသည်။ ခရစ်တော်သည် ထိုအသင်းတော်ထဲ၌ သွားလာတော့မည်မဟုတ်ပါ (ဗျာ ၁း၁၂-၁၃)။ ထိုနည်းတူ လောဒိကိအသင်းတော်ကိုလည်း ခရစ်တော်က သူ့ပါးစပ်မှ ထွေးထုတ်ပစ်တော့မည်ဟု သတိပေးထားပါသည် (ဗျာ ၃း၁၆)။

ထိုအသင်းတော်နှစ်ခု၏ကြောက်လန့်စရာအခြေအနေဆိုးမှာ ခရစ်တော်က သူတို့ကို ပထမအချစ်အားပျောက်စေသောကြောင့် ဒဏ်ခတ်ခြင်းဖြစ်ပါသည် (ဗျာ ၂း၄)။ ပူသလိုအေးသလိုဖြစ်၍၊ သွေးအသားဇာတိ၌ စိတ်ချနေ၍ ဒဏ်ခတ်ခြင်းဖြစ်သည် (ဗျာ ၃း၁၆-၁၇)။ ယနေ့ခေတ်အသင်းတော်အမြောက်အများသည်လည်း ထိုသို့သောပြစ်ဒဏ်ခတ်ခြင်းအောက်တွင် ထိုသို့သောအကြောင်းအရင်းများကြောင့် ရောက်နေကြသည်ကို သံသယဖြစ်စရာမရှိပါ။

ထို့ကြောင့် ခရစ်တော်၏စစ်မှန်သောအသင်းတော်ဆိုသည်မှာ မိမိ၏ပထမအချစ်ကို စောင့်ထိန်းသောအသင်းတော်ဖြစ်ပါသည် (ဗျာ ၂း၄)၊ ခရစ်တော်စေခိုင်းသည်များကို လုပ်ကိုင်သောအသင်းတော်ဖြစ်ပါသည် (ဗျာ ၂း၅)၊ သစ္စာရှိပါသည် (ဗျာ ၂း၁၀)၊ မိမိ၏အပြစ်များကို နောင်တရပါသည် (ဗျာ ၂း၁၆)၊ မိမိ၌ရှိသည့်ဩဝါဒများကို သေချာဆွဲကိုင်ပါသည် (ဗျာ ၂း၂၅)၊ အမြဲတမ်းသတိနှင့်စောင့်ကြည့်ပါသည် (ဗျာ ၃း၃)၊ အသင်းသူ/သားများသည် မိမိတို့၏ဝတ်ရုံများ(ခရစ်ယာန်အသက်တာကိုဆိုလို)ကို မညစ်နွမ်းစေရန် သေချာစောင့်ရှောက်သတိပေးပါသည်(ဗျာ ၃း၄)၊ ခရစ်တော်၏စကားကို စောင့်ထိန်းသည်၊ သူ၏နာမကို မငြင်းပယ်ပါ (ဗျာ ၃း၈)။ ထိုသို့သော်အသင်းတော် ယနေ့ခေတ်တွင် အတော်ရှားနေပြီဖြစ်သည်။

ထိုကျမ်းပိုဒ်များမှနေ၍ ထင်ရှားနေသည်မှာ အသင်းတော်များသည် တခုနှင့်တခု သန့်စင်ခြင်းတွင် မတူညီကြပါဆိုသောအချက်ဖြစ်သည်။ ခရစ်တော်က ဗျာဒိတ်(၂)နှင့်(၃)တွင် ပြောနေသောအသင်းတော်များတွင်၊ ဘာမှဝေဖန်ပြောဆိုစရာမလိုသောအသင်းတော်မှနေ၍ မကြာခင်ပျက်တော့မည်ဟု သတိပေးရလောက်သည့်အသင်းတော်များအထိ မျိုးစုံအောင်ပါနေပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ အားလုံးကို အသင်းတော်များဟု ခရစ်တော်ကခေါ်နေဆဲဖြစ်ပါသည်။ ပြဿနာပေါင်းသောင်းခြောက်ထောင်ရှိသောကောရိန်သုအသင်းတော်ကဲ့သို့ ဖြစ်ကြပါသည်။

ကျွန်တော်တို့ ထိုအချက်ကို အမြဲသိမှတ်ရပါမည်။ အဘယ့်ကြောင့်ဆိုသော် စစ်မှန်သောအသင်းတော်ကို ရှာကြသည့်အခါ၊ လုံးဝပြည့်စုံသောအသင်းတော်ကို မရှာသင့်ပါဟုဆိုလိုခြင်းဖြစ်ပါသည်။ ကမ္ဘာကြီးထဲတွင် အပြစ်ရှိနေသ၍၊ ဘုရားသခင့်လူများထဲတွင်အပြစ်၏သဘာဝကျန်နေသ၍၊ လုံးဝပြည့်စုံသောအသင်းတော်ကို ရှာတွေ့နိုင်မည်မဟုတ်ပါ။

မည်သည့်အသင်းတော်မှ၊ အသင်းတော်စုကြီးမှ ငါတို့သာလျှင် ခရစ်တော်၏တခုတည်းသောအသင်းတော်ဖြစ်သည်ဟု မကြွေးကြော်နိုင်ပါ။ ရိုမန်ကက်သလစ်များနှင့်အချို့အသင်းတော်များက ထိုသို့မှားယွင်းစွာကြွေးကြော်တတ်ကြပါသည်။ အဆင့်မျိုးစုံသောအသင်းတော်များ ရှိနေပါသည်၊ သန့်စင်ခြင်းနှင့်မှန်ကန်ခြင်းတွင် အဆင့်မျိုးစုံနှင့်ရပ်တည်နေကြပါသည်၊ အားလုံးက သခင်ယေရှုခရစ်တော်၏အသင်းတော်ဖြစ်ခြင်းကို နည်းနည်းကလေးတော့ ပြသနေကြပါသည်။ ထိုအချက်ကိုမေ့နေသည်ဆိုလျှင်၊ ကမ္ဘာပေါ်ရှိ အသင်း တော်များအားလုံး၌အားနည်းချက်အသီးသီးရှိနေရာ၊ မည်သည့်အသင်းတော်ကိုမှ မဝင်တော့ပါဆိုသည့်အခြေအနေသို့ရောက်သွားပါတော့မည်။ ထိုအခါ ဟေဗြဲ ၁၀း၂၄-၂၅တွင်ပြောထားသည်နှင့် ဆန့်ကျင်နေပါတော့မည်၊ “ထို့နောက် တဦးနှင့်တဦး ဂရုစိုက်ကြမည်၊ ချစ်ခြင်းမေတ္တာထားရန် နှိုးဆော်ကြမည်၊ ကောင်းသောအလုပ်များ လုပ်ကိုင်ကြရန် နှိုးဆော်ကြပါမည်။ ငါတို့၏ထုံးစံဖြစ်သည့် အတူတကွစုဝေးကြခြင်းကို မစွန့်ပယ်ကြနှင့်၊ တဦးကိုတဦး အားပေးကြလော့၊ ထိုနေ့သည် နီးကပ်လာပြီဟု တွေ့ကြသည့်အတိုင်း၊ ပို၍လုပ်ကိုင်ကြလော့။”

မည်သို့ပင်ဖြစ်ပါစေ၊ ဗျာဒိတ်ကျမ်း(၂)နှင့်(၃)တွင်ပါသော ခရစ်တော်၏အသင်းတော်များသို့ပြောသောစကားများအရ၊ မိမိပါဝင်ရမည့်အသင်းတော်ကို ရှာကြသည့်အခါ၊ မိမိ၏အသင်းသားဖြစ်ခြင်းတာဝန်များကို ကျေပြွန်အောင်ထမ်းဆောင်မည့်အခါ၊ ကျွန်တော်တို့သည် ခရစ်တော်အတွက် သန့်စင်သော၊ မှန်ကန်သော၊ သစ္စာရှိသောအသင်းတော်ကိုသာ ရှာဖွေကြရမည်ဆိုသောအချက်သည် ထင်ရှားလို့သာနေပါသည်။

## စစ်မှန်သောအသင်းတော်၏လက္ခဏာများအကြောင်း(The Marks of the True Church)

ခရစ်တော်၏စစ်မှန်သောအသင်းတော်ကို ကမ္ဘာပေါ်တွင်တွေ့နိုင်ရခြင်းသည် ခရစ်တော်၏ကတိမှနေ၍ ထင်ရှားနေပါသည် “ကျောက်ကကုေပ့မသော ငမွအသင္းကုိငမွတည္ေဆာကမ္ည္။ ထုိအသင္းကုိမရဏာဗုိင္၏တံခါးမ်ားတုိ’သည္မဗုိငၡ။”(မဿဲ ၁၆း၁၈)။ သို့သော် ဟေဗြဲ ၁၀း၂၅ ကိုနာခံသည့်အနေဖြင့် ထိုစစ်မှန်သောအသင်းတော်တွင် အသင်းသားအဖြစ်ပါဝင်ရန် ထိုသင်းတော်ကို မည်သည့်နေ ရာတွင် မည်ကဲ့သို့ ရှာဖွေနိုင်ပါမည်နည်း?

မည်သည့်အသင်းတော်တွင် အသင်းသူ/သားအဖြစ်ပါဝင်ရမည်နည်း?ဆိုသောမေးခွန်းသည် အရေးကြီးလှပါသည်။ အဘယ့်ကြောင့်ဆိုသော် စစ်မှန်သောအသင်းတော်သည် အသင်းတော်တစ်ခု၊ အသင်းတော်စုကြီးတစုတွင်သာ ရှိမနေကြောင်း သက်သေပြခဲ့ကြပြီး၍ဖြစ်သည်။ ယနေ့ခေတ်၏ မြောက်များလှသောအသင်းတော်များနှင့်အသင်းတော်စုများကြားတွင် မည်သည့်အသင်းတော်သို့ ကျွန်တော်တို့ အသင်းသားအဖြစ်ပါဝင်ကြပါမည်နည်း? အဖြေမှာ ကျွန်တော်တို့သည် ခရစ်တော်ထံ သစ္စာအရှိဆုံးအသင်းတော်၊ ထို့ကြောင့် ဩဝါဒ၌ အသန့်စင်ဆုံး၊ အသက်ရှင်မှုနှင့်လက်တွေ့ကျင့်သုံးမှုတို့တွင် အသန့်စင်ဆုံးအသင်းတော်ကို ရှာကြရပါမည်။

ထိုအကြောင်းကြောင့် စစ်မှန်သောအသင်းတော်၏အမှတ်လက္ခဏာများကို ပြောပြဖို့လိုပါသည်။ ထိုလက္ခဏာများအားဖြင့် အသင်းတော်တစုသည် ခရစ်တော်နှင့်သူ၏စကားသို့ မည်မျှမှန်ကန်ကြသနည်းဆိုသည်ကို သိနိုင်မည်ဖြစ်သည်။ အသင်းတော်တစုတွင် ထိုလက္ခဏာများရှိသည်ဆိုလျှင် ထိုအသင်းတော်သည် ခရစ်တော်၏စစ်မှန်သောအသင်းတော်ဖြစ်ပါသည်။ အသင်းတော်ဟုခေါ်နေကြသော်လည်း ထိုလက္ခဏာများကိုမတွေ့ရလျှင် မှားယွင်းသောအသင်းတော်သာဖြစ်ပါသည်၊ “စာတန်၏တရားဇရပ်”သာဖြစ်ပါသည် (ဗျာ ၂း၉)။

အချို့တို့က ထိုစစ်မှန်သောအသင်းတော်၏လက္ခဏာများပေါ် အငြင်းပွားလေ့ရှိကြပါသည်။ ကျွန်တော်တို့၏ ဘဲလ်ဂျစ်ခံယူ ယုံကြည်ချက်က စစ်မှန်သောအသင်းတော်၏အမှတ်လက္ခဏာတို့မှာ ၁) နှုတ်ကပတ်တော်ကိုစင်ကြယ်စွာဟောကြားခြင်း၊ ၂) ခရစ် တော်စေခိုင်းသလို ပွဲတော်မင်္ဂလာများကို ကျင့်သုံးခြင်း၊ ၃) ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းကို အသင်းတော်တွင်း၌ သစ္စာရှိစွာ လက်တွေ့ကျင့်သုံးခြင်း စသည်တို့ဖြစ်သည် (မဿဲ ၁၆း၁၈–၁၉၊ ၂၈း၁၉–၂၀၊ ၁ကော ၁၁း၂၃)။ အချို့တို့က နောက်ထပ်တချက်ကို ထည့်သွင်းကြပါသည်၊ ကျမ်းစာနှင့်ကိုက်ညီစွာဝတ်ပြုခြင်း။

မည်သို့ပင်ဖြစ်ပါစေ ထိုအချက်များအားလုံးကို အချက်တစုတည်းနှင့်စုပေါင်း၍ပြောရမည်ဆိုလျှင် ဤသို့ဖြစ်ပါမည်။ အသင်းတော်ထဲ၌ လုပ်ကိုင်သမျှကို ခရစ်တော်အားနာခံခြင်းအနေဖြင့် လုပ်ကိုင်ပါသည်။ ထို့သို့ပင် ဘဲလ်ဂျစ်ခံယူယုံကြည်ချက်ကပြောထားပါသည်၊ စစ်မှန်သောအသင်းတော်ဆိုသည်မှာ “အသင်းတော်အတွင်းစီမံခန့်ခွဲသမျှသည် ဘုရားသခင်၏စင်ကြယ်သောနှုတ်ကပတ်တော်အတိုင်းဖြစ်ရမည်။ နှုတ်ကပတ်တော်ကဆန့်ကျင်ကန့်ကွက်သမျှကို ဆန့်ကျင်ငြင်းပယ်ရမည်။ ထို့အပြင် သခင် ယေရှုခရစ်တော်တပါးတည်းသာလျှင် အသင်းတော်၏ဦးခေါင်းဖြစ်သည်ဟု အသိအမှတ်ပြုရမည်”ဟုပြောထားပါသည်(စာပိုဒ် ၂၉)။

ထိုလက္ခဏာများသည် စစ်မှန်သောအသင်းတော်တွင်ရှိသောအမှတ်လက္ခဏာများဖြစ်ကြသည်၊ အဘယ့်ကြောင့်ဆိုသော် ၄င်းတို့သည် ခရစ်တော် အသင်းတော်၌ရှိနေရသည့် လက္ခဏာအမှတ်အသားများဖြစ်ကြပါသည်။ ထိုအချက်သည်အလွန်အရေးကြီးပါသည်။ ခရစ်တော်သာ အသင်းတော်၌ရှိလျှင် အသင်းတော်သည် လုပ်သမျှအချည်းအနှီးသာဖြစ်ပါသည်၊ ထိုသို့သောအသင်းတော်တွင် အသင်းသားဖြစ်ရခြင်းမှာ ဘာအဓိပ္ပါယ်မှမရှိပါ (ဗျာ ၁း၁၂–၁၃၊ ၂း၅)။ ခရစ်တော်သာမရှိလျှင် အသင်းတော်ဟုပင်ခေါ်နိုင်တော့မည်မဟုတ်ပါ။

ကျွန်တော်တို့၏သားသမီးများပြုစုပျိုးထောင်ခြင်းတွင် ထိုအချက်သည် မှတ်ထားရမည့်အမှန်တရားဖြစ်သည်။ ခရစ်တော်၏စစ်မှန်သောအသင်းတော်၏အမှတ်လက္ခဏာများကိုမတွေ့ရသောအသင်းတော်တွင် ကျွန်တော်တို့၏သားသမီးများတွက် ဘာကိုမျှော်လင့်နိုင်ပါမည်နည်း? ခရစ်တော်ကသာ ၊သူ၏အသင်းတောအတွင်းရှိနေမှုအားဖြင့်၊ ကျွန်တော်တို့၏သားသမီးများကို ကယ်တင်နိုင်ပါသည်၊ ကယ်တင်ခြင်းရရာလမ်းကို ညွှန်ပြနိုင်ပါမည်။

စစ်မှန်သောအသင်းတော်၏လက္ခဏာများက အသင်းတော်တွင်ခရစ်တော်ရှိနေခြင်းကို ပြသနေပါသည်၊ အထူးသဖြင့် ဧဝံဂေလိတရားဟောကြားခြင်းနှင့်ဆက်နွယ်၍ဖြစ်သည်။ တရားဟောကြားခြင်းကိုဆိုလိုသည်၊ တရားဟောခြင်းကို သေချာစွာဆောင်သောအခါ၊ တရားဟောခြင်းသည် ခရစ်တော်ကိုယ်တိုင် အသင်းတော်ထဲတွင်ပြောနေခြင်းဖြစ်လာပါသည် (ယော ၁၀း၂၇၊ ၁ကော ၁း၂၃–၂၄၊ ဖေက် ၂း၁၇)။ ထို့ကြောင့် ကျမ်းစာနှင့်ညီစွာစင်ကြယ်သောတရားဟောခြင်းသည် ခရစ်တော်၏ရှိနေမှုကို ပြသခြင်းဖြစ်ပါသည်။ ပွဲတော်မင်္ဂလာများကျင့်သုံးခြင်း၊ ခရစ်ယာန်စည်းကမ်းထိန်းသိမ်းမှုကျင့်သုံးခြင်းတို့သည်လည်း ထို့အတူပင် ဖြစ်ကြပါသည်။

ထိုအမှတ်လက္ခဏာတို့သည် အသင်းတော်၌ခရစ်တော်ရှိနေတော်မူခြင်းကိုပြသသောလက္ခဏာများဖြစ်ကြပါသည်ဆိုသောအချက်ကို အထူးတလည် အလေးအနက်ထားရပါမည်။ ကျွန်တော်တို့သည် အသင်းတော်တစုသို့ ၄င်း၏အသင်းသူ/သားများကြောင့် မဝင်ကြပါ၊ ထိုအသင်းတော်၏အသင်းသူ/သားများသည် အလွန်ဖော်ရွေကြသည်၊ ဘုရားတရားကြောက်ရွံ့ရိုသေကြသည်၊ ထိုသို့သောအချက်များအရေးကြီးကြပါသည်၊ သို့သော် ထိုအချက်များအတွက် ထိုအသင်းတော်သို့ ဝင်ကြခြင်းမဟုတ်ပါ။ ကျွန်တော်

တို့ အသင်းတော်သို့ဝင်ကြရခြင်းသည် တပါးတည်းသောကယ်တင်ရှင်၊ ကျွန်တော်တို့ဝိညာဉ်များကိုအုပ်ထိန်းသူ ခရစ်တော်၏နောက်သို့ လိုက်ရန်သာဖြစ်ပါသည်။

(Doctrine according to godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++

## ယဉ်ကျေးမှုအကြောင်းကို ခရစ်ယာန်တယောက်မှနားလည်ခြင်း

အခုတလော ဂျာနယ်တွေမှာ မိန်းကလေးတွေရဲ့ဝတ်စားဆင်ယင်ပုံပြောင်းလာတာတွေကို တခြားယဉ်ကျေးမှုတွေ လွှမ်းမိုးလို့ဆိုပြီးရေးလာနေကြပါတယ်။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကြပါလို့လည်း ပြောနေကြပါတယ်။ ဆိုလိုတာက မြန်မာ့ယဉ်ကျေးမှုကိုထိန်းရင် အဲဒီလို ကို့ယို့ကားယားဝတ်စားတာတွေကို ရှောင်နိုင်မယ်ပေါ့ဗျာ။

ဒီတော့ တွေးစရာက မြန်မာ့ယဉ်ကျေးမှုဆိုတာ ဘာကိုဆိုလိုတာလည်း? ဘယ်အချိန်လောက်ကစတဲ့ယဉ်ကျေးမှုကို ဆိုလိုတာလဲ? ဘာလို့လည်းဆိုတော့ ကျွန်တော်တို့ ဝတ်နေတဲ့ ပုဆိုး(လုံချည်)ကို မြန်မာ့ယဉ်ကျေးမှုလို့ ထင်နေကြပုံဘဲ။ တကယ်က မဟုတ်ပါဘူး၊ အန္ဒိယနိုင်ငံကနေရလာတာဖြစ်ပါတယ်။ မြန်မာပြည်မှာ အများဆုံးကိုးကွယ်တဲ့ဘာသာကလည်း နီပေါနိုင်ငံကရလာတာဖြစ်တယ်။

မြန်မာလူမျိုးဘယ်ကစသလဲဆိုတာကို ပညာရှင်တွေကြားမှာ အဓိကနှစ်မျိုးကွဲပြီးယူစကြတယ်။ တအုပ်စုက မြန်မာအစ တကောင်းကလို့ပြောတယ်။ နောက်တအုပ်စုကတော့ မြန်မာအစ ကျောက်ဆည်က လို့ပြောပါတယ်။ ဘယ်အယူအဆမှန်သလဲဆိုတာ ဝင်ပြီးငြင်းမနေချင်ပါဘူး။ နှစ်အုပ်စုစလုံးလက်ခံတာကတော့၊ မြန်မာလူမျိုးများဟာ တိဗက်အနွယ်ဝင်တွေကနေ ဆင်းသက်လာပါတယ်ဆိုတာကိုပါဘဲ။ ဒါ့ကြောင့် တိဗက်အနွယ်တွေဟာ လုံချည်မဝတ်ကြပါဘူး။ ဘောင်းဘီရှည်ဘဲဝတ်ကြပါတယ်။ ဒါ့ကြောင့် သမိုင်းပညာရှင်ဒေါက်တာသန်းထွန်းက ရှေးမြန်မာတို့လို ဝတ်စားချင်ရင် ဘောင်းဘီရှည်ဝတ်ပါလို့ပြောခဲ့တာဖြစ်တယ်။

မြန်မာစာဆိုရင်လည်း ဒီလိုဘဲ၊ မြန်မာလူမျိုးမှာ အစက စာမရှိခဲ့ပါဘူး။ မြန်မာပြည်ကိုရောက်ပြီးအတော်ကြာမှ တခြားလူမျိုးတွေဆီကနေ လက်ခံရယူပြီး မိမိရဲ့စာလို့ပြုစုတာဖြစ်တယ်။ စားလုံးပေါင်းသတ်ပုံတွေကလည်း ခေတ်အဆက်ဆက်မှာ ပြောင်းလာခဲ့ပါတယ်။ ဒီနေ့မှသာ လူတွေက သတ်ပုံမှားတယ်၊ မှန်တယ်နဲ့၊ ဒေါက်တာသန်းထွန်းရဲ့စာတအုပ်မှာ သတ်ပုံတောင် ပုံစံမျိုးစုံပြောင်းလာခဲ့တဲ့အကြောင်း မဖတ်ချင်ကြတော့ဘူးနဲ့တူတယ်။ မြန်မာစာက စကားပြောအခြေခံရေးတာဆိုတော့ သတ်ပုံမှားလည်း အသံထွက်မှန်ရင် ဖတ်လို့ရနေပါတယ်။

ကျွန်တော်ဘာကြောင့်တာတွေကို ရေးနေတာလဲ? ဆိုလိုချင်တာကတော့ မြန်မာ့ယဉ်ကျေးမှုလို့ပြောရင် ဘယ်ခေတ်ကနေစ ယူရမှာလည်း? အားလုံးကို သိမ်းကျုံးပြီး မြန်မာ့ယဉ်ကျေးမှုလို့၊ တခြားအရင်းအမြစ်တွေကနေမရသလို ရေးနေကြတာ မမှန်ဘူးလို့ ပြောချင်လို့ဘဲ။ မြောက်များစွာသောနေရာကနေ၊ မြောက်များစွာသောအကြောင်းအရင်းတွေနဲ့ မြောက်များစွာသော ပြုမူလုပ်ကိုင်ပုံ တွေ ရောနှောလျှက် မြန်မာ့ယဉ်ကျေးမှုဖြစ်လာပါတယ်။ ဒါ့ကြောင့် ဒါဟာဆိုပြီး တုံးတိပြောလို့မရပါဘူး။ ဒါဟာလို့ပြောရ လောက်အောင် မြန်မာ့ယဉ်ကျေးမှုမှာမရှိပါဘူး။ နှစ်များစွာ ဘေးပတ်ဝန်းကျင်က ပြုမူပုံတွေကို မွေးစားလာခဲ့ရင်း ဖြစ်လာတဲ့ ယဉ် ကျေးမှုတခုပါ။

ဒါ့ကြောင့် ခရစ်ယာန်တို့အနေနဲ့ ယဉ်ကျေးမှုဆိုတာ ဘာလဲ? ယဉ်ကျေးမှုတွေ ဘယ်က စသလဲ? ယဉ်ကျေးမှုကို ခရစ်ယာန်တယောက်အနေနဲ့ဘယ်လိုနားလည်ရမလဲ? အဲဒါတွေကို ကျွန်တော်တင်ပြချင်ပါတယ်။

### ယဉ်ကျေးမှုဆိုသည်မှာ

ပထမဆုံးအနေနဲ့ ယဉ်ကျေးမှုဆိုတာကို အင်္ဂလိပ်လို culture လို့ခေါ်ပါတယ်။ cultivate ဆိုတဲ့စကားလုံးကဆင်းသက်တယ်၊ အဓိပ္ပါယ်ကတော့ ထွန်ယက်စိုက်ပျိုးခြင်း ဖြစ်ပါတယ်။ တနည်းမယဉ်ပါးတာကို ယဉ်ပါးလာအောင်လုပ်ဆောင်ခြင်းလို့ခေါ်ပါတယ်။ ဒါဆိုရင် အခြေခံသဘောကိုပြောလို့ရပါပြီ။ ယဉ်ကျေးမှုဆိုတဲ့စကားလုံးရဲ့အဓိပ္ပါယ်ဟာ ကမ္ဘာမှာတော့ ၁၈ ရာစုနောက်ပိုင်းကစလို့၊ လူသား၏ဘဝမြှင့်တင်ပေးရန် လူသား၏အားထုတ်မှုမှန်သမျှ၏ရလဒ်လို့ အဓိပ္ပါယ်ဖွင့်လာကြပါတယ်။

ဘုရားသခင်က အာဒံ့ကိုဖန်ဆင်းတော့ ကမ္ဘာကြီးကို ယဉ်ပါးအောင်ပြုဖို့မှာခဲ့ပါတယ်။ အဆင်သင့် ရယ်ဒီမိတ်အနေနဲ့ ကမ္ဘာကြီးကို လူသားထံမှာ ဘုရားသခင်က မပေးခဲ့ပါဘူး။ ယဉ်ပါးအောင်၊ တိုးတက်အောင် လုပ်လို့ရတဲ့အခြေအနေနဲ့ ပေးခဲ့တာဖြစ်တယ်။ ဒါကို ကမ္ဘာဦးကျမ်း ၁း၂၈ မှာတွေ့ရပါတယ်။ အင်္ဂလိပ်လို အဲဒီကျမ်းပိုဒ်ကို cultural mandate လို့ခေါ်ပါတယ်။ ယဉ်ကျေးမှုတည်ဆောက်စေခြင်းအမိန့်တော်လို့ ဘာသာပြန်ရင်ကောင်းမယ်နဲ့တူပါတယ်။ ပြီတော့ ကမ္ဘာ၂း၁၅ မှာလည်း ဧဒင်ဥယာဉ်ကို ပြုစုစောင့်ရှောက်ခြင်းလို့ ထပ်ပြောပါတယ်။ ဒါ့ကြောင့် အာဒံ အပြစ်ထဲမကျဆုံးရင်လည်း ယဉ်ကျေးမှုဟာ ဖြစ်ကိုဖြစ်လာမှာဘဲ၊ ဖန်ဆင်းခြင်းကနေဖြစ်လာစေတာကိုး။ ဒါပေမဲ့ အာဒံအပြစ်ထဲကျဆုံးပါတယ်။

အပြစ်ထဲကျဆုံးပြီးမှလည်း အာဒံနဲ့သူ့မျိုးနွယ် လူသားတွေ ဆက်ပြီးယဉ်ကျေးမှုတည်ဆောက်ပါတယ်။ အဲဒီမှာ ယဉ်ကျေးမှုနှစ်ခြမ်းစကွဲတာပေါ့။ အာဒံသားသမီးထဲက ကာဣန(ကိန်း)ဆိုတဲ့သားတယောက်ကနေ ဘုရားတရားမဲ့ခေတ်ပေါ်ယဉ်ကျေးမှု စလာတော့တာပါဘဲ။ အာဒံ့တခြားသားသမီးတွေက ရှေသ(ဆက်သ်)ဆိုတဲ့သားကတော့ ဘုရားတရားကြောက်ရွံ့ရိုသေသောယဉ်ကျေးမှုကို ဖခင်အာဒံနဲ့အတူ ဆက်လက်တည်ဆောက်ပါတယ်။ ဒါတွေကို ကမ္ဘာဦးကျမ်း(၄)မှာဖတ်နိုင်ပါတယ်။ ပြီးတော့ ယဉ်ကျေးမှုတည်

ဆောက်ပါလို့ပြောထားလို့တည်ဆောက်နေပေမဲ့ အပြစ်ကြောင့် အများကြီးနှေးသွားပါတယ်။ စမ်းသပ်လိုက် မှားလိုက် ပြန်ပြင်လိုက်၊ ပြန်စမ်းလိုက်နဲ့ ချလပတ်လည်နေတာဘဲ။ ဖြေးဖြေးချင်းဘဲ တိုးတက်နိုင်ပါတော့တယ်။

## ယဉ်ကျေးမှုပြန်လည်မွေးဖွားခြင်း

ဒီလိုနဲ့နောဧ(နိုးအာ)လက်ထက်မှာ တကမ္ဘာလုံးရေလွှမ်းမိုးလို့ပျက်ဆီးသွားတဲ့အခါ၊ နောဧမိသားစုကနေ ယဉ်ကျေးမှု တခါပြန်စပါတယ်။ အဲဒီအခါမှာလည်း နော်ဧရဲ့သားသမီးတွေကနေ ယဉ်ကျေးမှုနှစ်မျိုးပြန်ပေါ်လာပါတယ်။ တခုက ဘုရားကိုကြောက်ရွံ့ရိုသေခြင်းဖြင့် တည်ထောင်သောယဉ်ကျေးမှု၊ နောက်တမျိုးက ဘုရားသခင်ကိုပုန်ကန်လျှက် တည်ထောင်သောယဉ်ကျေးမှုဖြစ်ပါတယ်။ ရေလွှမ်းမိုးခြင်းဟာ အပြစ်တရားကိုအနိုင်ယူခြင်းဖြစ်တယ်၊ အပြစ်တရားကို ကိစ္စတုန်းပစ်ခြင်းမဟုတ်သေးပါဘူး။

အဲဒီလိုနဲ့သခင်ယေရှု လက်ဝါးကပ်တိုင်ပေါ်အသေခံပေးတဲ့အချိန်တိုင်အောင်ပါဘဲ။ ကမ္ဘာ့ယဉ်ကျေးမှုကြီးတွေကို ဒီရှုထောင့်ကနေကြည့်ရင် ရှင်းနေအောင်တွေ့နိုင်မှာဖြစ်တယ်။ စစ်ပွဲအားလုံးဟာ အဲဒီ ဘုရားမဲ့ကမ္ဘာကြီးရဲ့ယဉ်ကျေးမှုတွေ ပြိုင်ဆိုင်ခြင်းကနေပေါ်လာကြတာဖြစ်တယ်။ လူမျိုးတမျိုးနဲ့တမျိုးနှိမ်တာ၊ လူမျိုးတမျိုးက သူဟာ တခြားလူမျိုးတွေထက် မြင့်မားသူဖြစ်တယ်လို့ထင်နေတာတွေဟာ၊ အဲဒီ ဘုရားတရားမဲ့ယဉ်ကျေးမှုတွေကနေ ပေါက်ဖွားလာတာဖြစ်တယ်။

## ယဉ်ကျေးမှုအားကယ်တင်ခြင်း

သခင်ခရစ်တော် လက်ဝါးကပ်တိုင်ပေါ်အသေခံတော့ လူတွေက လူသားတွေကိုကယ်တင်ဖို့လို့ဘဲထင်နေကြတယ်။ တပိုင်းဘဲမှန်ပါတယ်။ တလောကလုံးကိုကယ်တင်တာဖြစ်တယ်။ လူအပါအဝင်ပေါ့။ အထူးသဖြင့် ယဉ်ကျေးမှုကိုလည်း ကယ်တင်ပါတယ်။

ဘယ်လိုကယ်တင်သလဲဆိုတော့၊ ဘုရားတရားကြောက်ရွံ့ရိုသေခြင်းယဉ်ကျေးမှုကို နေရာတနေရာ၊ လူတစုကနေ တကမ္ဘာလုံးကိုရောက်သွားစေတာ၊ လူတမျိုးထဲကနေ လူမျိုးအားလုံးထံရောက်သွားစေတာဖြစ်ပါတယ်။ ခရစ်တော်မလာခင်က လူတယောက်ကယ်တင်ခြင်းရချင်တယ်ဆိုရင် သူဟာ ဂျူးလူမျိုးဖြစ်သွားရပါတယ်။ ဥပမာ မြန်မာလူမျိုးတယောက်က ခရစ်တော်မလာခင်မှာ ဘုရားသခင်ကို ကိုးကွယ်ယုံကြည်ချင်ရင်၊ ဂျူးလူမျိုးဖြစ်ရပါတယ်။ သူ့ကိုသူ မြန်မာလို့မခေါ်တော့ပါဘူး။ ဂျူးလို့ခေါ်ပါတယ်။ ဆာကမ်စီးရှင်းလို့ခေါ်တဲ့ အရေဖျားလှီးခြင်းမင်္ဂလာကိုခံရပါတယ်။ မြန်မာလူမျိုးတွေကြိုက်လှတဲ့အစားအစာတွေကို မစားရတော့ပါဘူး။ အခုသခင်ခရစ်တော်လက်ဝါးကပ်တိုင်မှာအသေခံပြီး၊ ရှင်ပြန်ထမြောက်ပြီး၊ ကောင်းကင်ကိုပြန်တက်သွားပြီးနောက်ပိုင်းမှာတော့ အားလုံးပြောင်းသွားပါပြီ။

အခုတော့ ကယ်တင်ခြင်းရဖို့ ခရစ်တော်ကိုယုံကြည်ရင်၊ တခြားလူမျိုးဖြစ်စရာမလိုတော့ဘူး။ မြန်မာဟာမြန်မာဘဲ စိတ်နဲ့ဝိညာဉ်သာ အသစ်သောသတ္တဝါကိုဖြစ်သွားတယ်။ ပြင်ပအသက်ရှင်မှုကတော့ နဂိုလိုဘဲ၊ စားနေကြအစားအစာ၊ ဝတ်နေကြအဝတ်အစားပါဘဲ။

ပြီးတော့ ခရစ်တော်က သူ့ရဲ့ပညတ်တော်များကို နှလုံးသားမှာ ဝိညာဉ်တော်အားဖြင့် ရေးသားပေးတော့၊ အရင်ရှိခဲ့တဲ့၊ အရင်ရခဲ့တဲ့၊ ကျင့်သုံးခဲ့တဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို စစ်ဆေးလာပါတယ်။ ဘာလို့လဲဆိုတော့ အရင်ရခဲ့တဲ့ယဉ်ကျေးမှုရဲ့ ကျင့်သုံးမှုတွေဟာ စစ်မှန်သောသုံးပါးတဆူ ပဋိညာဉ်ဘုရားသခင်ရဲ့အလိုဆန္ဒနဲ့ မကိုက်ညီတော့ဘူးဆိုတာ သိလာလို့ဖြစ်ပါတယ်။ စိတ်ဝိညဉ်ထဲမှာရှိတဲ့ယုံကြည်ခြင်းနဲ့၊ ဘုရားသခင်ပေးထားတဲ့ကျမ်းစာတော်နဲ့ ကိုက်ညီပြီး၊ ကျမ်းစာနဲ့ကိုက်မဲ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ဆက်လက်တည်ဆောက်ပါတယ်။

ယဉ်ကျေးမှုဆိုတာ ဘုရားသခင့်ဘုန်းတော်ထင်ရှားဖို့ ဘုရားသခင်က စေခိုင်းဖြစ်ပေါ်စေခဲ့တာဖြစ်တယ်ဆိုတာကို ခရစ်ယာန်ဟာ သဘောပေါက်လာပါတယ်။ ဒါပေမဲ့ အပြစ်တရားဝင်လာတော့ ယဉ်ကျေးမှုဟာ လူက အခြေအနေနဲ့ကိုက်ညီပြီး ကျင့်သုံးပြုပြင်လာတဲ့ ဘုရားသခင်ရဲ့ဘုန်းတော်မထင်းရှားနိုင်တဲ့ ယဉ်ကျေးမှုဖြစ်လာတယ်ဆိုတာ ခရစ်ယာန် သဘောပေါက်လာတယ်။ အခုတော့ သူဟာ လူသစ်ဖြစ်လို့၊ ယဉ်ကျေးမှုကိုလည်း သူနဲ့ကိုက်ဖို့ ကျမ်းစာအားဖြင့် ပြုပြင်လာပါတယ်။

မယုံကြည်ခင်က ရခဲ့တဲ့ယဉ်ကျေးမှုပုံစံအားလုံးကိုပြောင်းဖို့မလိုပါဘူး။ ဘုရားသခင့်ကျမ်းစာနဲ့မကိုက်ညီတဲ့တချို့သော ယဉ်ကျေးမှုခံယူချက်နဲ့ကျင့်သုံးမှုအချို့ကိုသာ ပြောင်းလဲရမှာဖြစ်တယ်။ ဒီအတွက် ဘုရားသခင်က အရှင်းဆုံး ပညတ်တော်(၁၀)ပါးကို ကိုယ်ကျင့်တရားဆိုင်ရာ ယဉ်ကျေးမှုစံနှုန်းတွေကို ပြန်စစ်ဆေးဖို့ ပေးထားပါတယ်။ ဒါဟာ ယဉ်ကျေးမှုကို ကယ်တင်ခြင်းဖြစ်တယ်။ ယဉ်ကျေးမှုဟာ ဘုရားသခင့်ဘုန်းတော်ထင်ရှားဖို့ပြန်ဖြစ်ခြင်းဖြစ်တယ်။ လူမျိုးအတွက် နိုင်ငံအတွက် ကိုယ်ထင်သလိုစိတ်ကျေနပ်ဖို့ အတွက်မဟုတ်တော့ဘူး၊ ဘုရားသခင့်ဘုန်းတော်ထင်ရှားဖို့ဖြစ်ပါတယ်။

လူတမျိုး၊ နိုင်ငံတခုမဟုတ်တော့ဘူး။ လူမျိုးအားလုံး၊ နိုင်ငံအားလုံး၊ ကိုယ်ရှိတဲ့နေရာမှာ ဘုရားသခင့်ပညတ်တော်တွေနဲ့ ကိုက်ညီသောယဉ်ကျေးမှုတွေကိုတည်ဆောက်ကြခြင်းနဲ့၊ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတော်ဖြစ်လာပါတယ်။ ဒါ့ကြောင့် မကောင်းသော အကျင့်စရိုက်အားလုံးကို တွန်းလှန်နိုင်ပါတယ်။

ဒီနေ့မြန်မာပြည်မှာ ပြဿနာတက်နေတဲ့၊ ဝတ်စားဆင်ယဉ်မှုပြဿနာ၊ နေထိုင်ပုံပြဿနာတွေ၊ ဖြေရှင်းဖို့ ကြိုးစားနေကြပါတယ်။ ဘယ်တော့မှအောင်မြင်မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့၊ စိတ်ဝိညာဉ်မပြောင်းဘူး၊ ဒါကြောင့် အသစ်အဆန်းဆိုတာကို လူငယ်တွေက လုပ်နေမှာဘဲ။ တိုင်းပြည်ပြောင်းတာနဲ့အမျှ အကျင့်ပျက်ဝတ်စားဆင်ယင်မှုကလည်း ပိုပြင်းထန်လာမှာဘဲ။ ဒါမျိုးကို ဘုရားသခင့်တန်ခိုးတော်နဲ့မှတားလို့ရပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ တာဝန်ဟာ အင်္ဂလိပ်ဖြစ်ဖို့ မဟုတ်ဘူး၊ ကိုးရီးယားဖြစ်ဖို့မဟုတ်ဘူး၊ တရုပ်ဖြစ်ဖို့ မဟုတ်ဘူး။ မြန်မာ ခရစ်ယာန်၊ ပညတ်တော်ဆယ်ပါးနှင့်ညီသော ကျင့်ကြံပြုမူ၊ တွေးခေါ်၊ မျှော်လင့်သော ဘုရားသခင့်ဘုန်းတော်ထင်ရှားစေတဲ့ ယဉ်ကျေးမှုဆက်လက်တည်ဆောက်ဖို့ဖြစ်ပါတယ်။

++++++++++++++++++++++++++++++++++++

၂ကော ၁၃း၁–၁၄ (ဂျိန်းဘုရင်မှူ)

၁ – ယခုအကြိမ်သည် သင်တို့ထံ ငါ သုံးကြိမ်မြောက်လာခြင်းဖြစ်သည်။ သက်သေ နှစ်ဦး(သို့) သုံးဦးတို့၏နှုတ်ဖြင့် စကားရှိသမျှသည် အတည်ဖြစ်ရမည်။

၂ – ငါ သင်တို့ကိုပြောခဲ့ပြီ၊ ဒုတိယအကြိမ်တွင် ငါ သင်တို့ထံ ရှိနေသလိုဖြင့် ကြိုတင်ပြောခဲ့ပြန်သည်၊ ယခုတွင်လည်း အပြစ်ပြုနေကြသူများထံ ငါမရှိသော်လည်း ထပ်ပြောပါသည်၊ အခြားသူများကိုလည်း ငါလာလျှင် ညှာနေမည်မဟုတ်တော့ပါ။

၃ – ခရစ်တော် ငါထံ၌စကားပြောသည်မပြောသည်ကို သင်တို့သည် သက်သေပြချက် ရှာနေကြသည်ဖြစ်၍၊ သူသည် သင်တို့နှင့်ပတ်သက်၍ အားနည်းသည်မဟုတ်၊ သင်တို့ထံ ခွန်အားကြီးတော်မူသည်။

၄ – သူသည် အားနည်းခြင်းဖြင့် လက်ဝါးကပ်တိုင်၌တင်ထားခြင်းခံရသော်လည်း၊ သူသည် ဘုရားသခင်၏တန်ခိုးတော်ဖြင့် အသက်ရှင်လာခဲ့ပါသည်။ ငါတို့သည်လည်း သူ့ထံ၌ အားနည်းကြပါသည်၊ သို့သော် သင်တို့ထံသို့မူ သူနှင့်အတူ ဘုရားသခင်၏တန်ခိုးတော်ဖြင့်အသက်ရှင်ကြပါမည်။

၅ – မိမိတို့ကိုယ်ကို ဆန်းစစ်ကြပါ၊ သင်တို့သည် ယုံကြည်ခြင်း၌ရှိမရှိ၊ မိမိတို့ကိုယ်ကို သက်သေပြကြပါ။ သင်တို့သည် မိမိတို့ကိုယ်ကို မသိကြပါသလော? ယေရှုခရစ်တော်သည် သင်တို့၌ မည်သို့ရှိနေသည်ကို မသိကြပါသလော? သင်တို့သည် ငြင်းပယ်ခံရသူများဖြစ်ကြမှသာ မသိဘဲရှိကြပါမည်။

၆ – သို့သော် ငါ စိတ်ချပါသည်၊ ငါတို့သည် ငြင်းပယ်ခြင်းခံရသူများမဟုတ်ကြောင်းကို သင်တို့သိကြပါလိမ့်မည်။

၇ – ယခုတွင် သင်တို့သည် ဆိုးညစ်ခြင်းကို မပြုကြရန် ဘုရားသခင်ထံ ငါဆုတောင်းပါသည်၊ ငါတို့သည် ထိုသို့ဖြင့် မှန်သောသူများဖြစ်သည်ဟု ထင်ရှားရန်မဟုတ်ပါ၊ သို့သော် ငါတို့သည် ငြင်းပယ်ခြင်းခံရသူများကဲ့သို့ထင်ရသော်လည်း၊ သင်တို့သည် ရိုးသားခြင်းဆိုသောအရာကိုသာ ပြုလုပ်ကြရန်ဖြစ်သည်။

၈ – အဘယ့်ကြောင့်ဆိုသော် ငါတို့သည် အမှန်တရားကိုဆန့်ကျင်၍ ဘာမှမလုပ်နိုင်ကြပါ၊ သို့သော် အမှန်တရားအတွက်သာဖြစ်ပါသည်။

၉ – ငါတို့သည် အားနည်းကြသည့်အခါ ဝမ်းသာနေကြပါသည်၊ သင်တို့မူ သန်မာကြပါသည်၊ ထို့အပြင် သင်တို့ ပြည့်စုံကြဖို့ကိုလည်း ငါတို့ ဆန္ဒရှိကြပါသည်။

၁၀ – ထို့ကြောင့် ငါ သင်တို့ထံ၌မရှိသော်လည်း ဤအရာများကို ရေးရခြင်းဖြစ်သည်၊ သို့မဟုတ်ပါက သခင်ဘုရားပေးထားသောတန်ခိုးစွမ်းအားဖြင့် ငါသည် သင်တို့ထံရှိလျှင် ပြင်းထန်စွာပြောမိမည်စိုးရပါသည်၊ ထိုတန်ခိုးကို မြှင့်တင်ခြင်းပြုလုပ်ပေးရန်သာ ပေးထားပါသည်၊ ဖျက်ဆီးဖို့ရန် မဟုတ်ပါ။

၁၁ – နောက်ဆုံးအနေနှင့်၊ ညီအကိုတို့ နှုတ်ဆက်ပါသည်။ အပြစ်ပြောစရာမရှိအောင်ပြည့်စုံကြပါ၊ ကောင်းသောနှစ်သိမ့်မှုရှိကြပါ၊ တစိတ်တဝမ်းတည်းရှိကြပါ၊ ငြိမ်းချမ်းခြင်း၌အသက်ရှင်ကြပါ၊ ထိုအခါ ငြိမ်းချမ်းခြင်းနှင့်ချစ်ခြင်း၏ဘုရားသခင်သည် သင်တို့နှင့်အ တူရှိတော်မူမည်။

၁၂ – သန့်ရှင်းသောအနမ်းဖြင့် တဦးကိုတဦးနှုတ်ခွန်းဆက်ကြပါ။

၁၃ – သန့်ရှင်းသူအားလုံးက သင်တို့ကို နှုတ်ဆက်ကြပါသည်။

၁၄ – သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်၊ ဘုရားသခင်၏ချစ်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယဖွဲ့ခြင်းသည် သင်တို့နှင့်အတူ ရှိပါစေ၊ အာမင်။

++++++++++++++++++++++++++

## သခင်ဘုရား၏နေ့ (၁)

၁။ သေခြင်းနှင့်ရှင်ခြင်းအကြောင်းအရာ၌ သင်၏ တခုတည်းသော နှစ် သိမ့်စရာကား အဘယ်နည်း?

ကျွန်ုပ်၏ခန္ဓာနှင့်ဝိညာဉ်သည် အသက်ရှင်ချိန်နှင့်သေချိန် နှစ်ခုလုံးတွင် ကျွန်ုပ်က မပိုင်ဆိုင်ပါ၊ သစ္စာနှင့် ပြည့်စုံသော ကျွန်ုပ်၏ကယ်တင်ရှင် သခင်ယေရှုခရစ်ကသာ ပိုင်တော်မူပါသည်။ သူသည် ကျွန်ုပ်၏အပြစ်များအား လုံးအတွက် သူ၏ တန်ဖိုးရှိလှသော အသွေးတော်ဖြင့် ဘုရားသခင်၏ကျေနပ်မှုကို ပြည့်စုံစေတော်မူ၏။ ထို့အပြင် နတ်ဆိုး၏တန်ခိုးအလုံးစုံမှ ကျွန်ုပ်အားကယ်တင်တော်မူ၏။ ထို့အပြင် ကျွန်ုပ်အား အထူးတလည် ကာကွယ်စောင့် ရှောက်သဖြင့် ကောင်းကင်ဘုံ၌ရှိတော်မူသော အဖဘုရားသခင်၏ အလိုတော် မပါဘဲ၊ ကျွန်ုပ်၏ဆံပင်တပင်မျှ ကျွန်ုပ်၏ဦးခေါင်းမှ မပြုတ်ကျနိုင်ပါ။ မှန်ပါသည်၊ အရာခပ်သိမ်းက ကျွန်ုပ်

ကယ်တင်ခြင်းရရန် လုပ်ဆောင်ပေးကြရမည်ဖြစ်သည်။ ထို့ကြောင့် ထာဝရအသက်ရမည်ဟု သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူက ကျွန်ုပ်ကို သေချာစေပါသည်။ ကျွန်ုပ်သည် ယျှမှစ၍ သူ့အတွက် အသက်ရှင်သူ ဖြစ်ရန် ရိုးသားစွာ ဆန္ဒရှိသူ၊ အသင့်ပြင်သူ ဖြစ်စေတော်မူပါသည်။

၂။ ထိုနှစ်သိမ့်မှုကို ခံစားလျှက် ပျော်ရွှင်စွာ နေထိုင်ကာ၊ ပျော်ရွှင်စွာသေနိုင်ရန် အကြောင်းအရာ မည်၍မည်မျှကို သိဖို့ လိုအပ်ပါသနည်း?

အကြောင်းအရာသုံးမျိုး ဖြစ်သည်။ ပထမ၊ ကျွန်ုပ်၏အပြစ်များနှင့်ဒုက္ခဆင်းရဲခြင်းများသည် မည်မျှကြီးမားသည်ကို သိရှိခြင်း၊ ဒုတိယ၊ ထိုအပြစ်များနှင့် ဒုက္ခဆင်းရဲခြင်းများထဲမှ ကျွန်ုပ်မည်သို့လွတ်မြောက်နိုင်မည်ကို သိရှိခြင်း၊ တတိယ၊ ထိုသို့လွတ်မြောက်စေမှုအတွက် ဘုရားသခင်အပေါ်ထားရှိသည့် ကျေးဇူးတရားကို ကျွန်ုပ်က မည်သို့ထုတ်ဖော်ရမည်ကို သိရှိခြင်း စသည်တို့ဖြစ်သည်။